ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ

တတိယအစည်းအဝေးသို့ တင်သွင်းသော

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ

လူမျိုးအလိုက် ကျင်းပသော ကရင်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲမှ ရရှိသည့်

# လူမှုရေးကဏ္ဍ

## မူဝါဒ အဆိုပြုစာတမ်း

၂၀၁၈ ခုနှစ်၊ ဖွန်လ (၁၂) ရက်

(လော်ခီးလာ)

## ၁။ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး (Resettlement and Rehabilitation)

(၁) မူလက မွေးရာပါ နိုင်ငံသားဖြစ်ခဲ့ကြသော တိုင်းရင်းသားလူမျိုး ဒုက္ခသည်များ၊ ပြည်တွင်းနေရပ် စွန့်ခွာရသူများ၊ ၎င်းတို့မှဆင်းသက်လာသော သားသမီးများသည် မွေးရာပါ နိုင်ငံသားအခွင့်အရေးနှင့် တန်းတူအခွင့်အရေးများကို တရားဥပဒေနှင့်အညီ အပြည့်အဝ ခံစားခွင့်ရှိရမည်။ **အခြေခံမူ (Guiding Principles)**

(၂) ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ် စွန့်ခွာရသူများ၏ ရရှိထားပြီးသော အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များကို အသိအမှတ်ပြု လက်ခံရမည်။ **အခြေခံမူ (Guiding Principles)**

(၃) မူလက မွေးရာပါ နိုင်ငံသားဖြစ်ခဲ့ကြသော တိုင်းရင်းသားလူမျိုး ဒုက္ခသည်များ၊ ပြည်တွင်းနေရပ် စွန့်ခွာရသူများသည် စွန့်ခွာမသွားခင်က နေထိုင်ခဲ့သော ရွာမြေ၊ ဓားမဦးချ လုပ်ကိုင်ပိုင်ဆိုင်ခဲ့သော လယ်ယာ၊ ဥယျာဉ်ခြံမြေများကို ပြန်လည်ပိုင်ဆိုင်ခွင့်၊ မှတ်ပုံတင်ခွင့်၊ လုပ်ကိုင်ခွင့်ရှိစေရမည်။ ၎င်းတို့ ဆုံးရှုံးခဲ့သော အိုးအိမ်၊ မြေယာ၊ လယ်ယာ၊ ခြံမြေများအတွက် ကာလတန်ဖိုးနှင့်အညီ ပြန်လည်အစားထိုးပေးရန် (သို့မဟုတ်) နစ်နာမှုကို ပြန်လည်ပေးဆောင်ရမည်။ **မူဝါဒ (Policy)**

## ၂။ လူမှုကာကွယ်စောင့်ရှောက်ရေး (Social Protection)

(၄) လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် ပါဝင်စေရမည်။ **အခြေခံမူ (Guiding Principles)**

(၅) လူတို့၏ ပြုမှုဆောင်ရွက်မှုနှင့် သဘာဝကြောင့်ဖြစ်ပေါ်သော ဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူမှုအသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်စေရေးနှင့် ဘေးဒဏ်ခံစားရသော ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရေးအတွက် ထိရောက်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များ၊ မဟာဗျူဟာ၊ နည်းဗျူဟာများ ကြိုတင်ချမှတ်ဆောင်ရွက်ရမည်။ **မူဝါဒ (Policy)**

(၆) နိုင်ငံသားတိုင်း အလုပ်အကိုင် လွတ်လပ်စွာရွေးချယ်ခွင့်၊ ထိုက်တန်သော လုပ်ခလစာ ခံစားခွင့်၊ ခွင့်ရက်များ ခံစားခွင့်နှင့် အနားယူအပန်းဖြေခွင့်၊ လုပ်ငန်းခွင်ဆိုင်ရာ လုံခြုံရေးနှင့် ထိခိုက်နစ်နာမှု ခံစားခွင့်၊ သမဂ္ဂများ ထူထောင်ခွင့်၊ ပါဝင်ခွင့်ရှိရမည်။ **မူဝါဒ (Policy)**

(၇) ပြည်တွင်းပြည်ပရွှေ့ပြောင်းလုပ်သားများ၏ လူမှုဘဝဖူလုံရေးနှင့် လုံခြုံရေးတို့အတွက် အပြည့်အဝ ကာကွယ်စောင့်ရှောက်ရမည်။ **မူဝါဒ (Policy)**

(၈) လူတိုင်းအကျုံးဝင် ပညာရေးစနစ် ဖော်ဆောင်ရမည်။ အထူးသဖြင့် မသန်စွမ်းများအတွက် လိုက်လျောညီထွေမှုရှိပြီး ထိရောက်အကျိုးရှိသော ပညာရေးစနစ်ဖြစ်ရမည်။ **မူဝါဒ (Policy)**

(၉) မသန်စွမ်းသူများ၊ သက်ကြီးသူများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအပါအဝင် အမျိုးသမီးများ၊ ကျား/မရေးရာ တန်းတူဖြစ်ရေးနှင့် စပ်လျဉ်း၍ အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် အထူးဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရမည်။ **မူဝါဒ (Policy)**

## ၃။ လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေး (Community Development)

၁၀) လူသားတိုင်း အခြေခံလူ့အခွင့်အရေး အပြည့်အဝရှိပြီး၊ ဒီမိုကရေစီ စံနှုန်းများနှင့် ညီညွတ်သော လူ့ဂုဏ်သိက္ခာနှင့်အညီ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုရှိသည့် လူမှုအသိုက်အဝန်းတစ်ရပ် ဖော်ဆောင်ရမည်။ **အခြေခံမူ (Guiding Principles)**

(၁၁) တိုင်းရင်းသားများနေထိုင်ရာ ဒေသများတွင် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာ၌ ဒေသခံတိုင်းရင်းသားများကိုယ်တိုင် စီမံအုပ်ချုပ်ခွင့်၊ ဆုံးဖြတ်ခွင့်နှင့် ဦးဆောင်ခွင့်ရှိရမည်။ **အခြေခံမူ (Guiding Principles)**

(၁၂) ဒေသလိုအပ်ချက်နှင့်ကိုက်ညီသည့် ဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းများကို လုပ်ဆောင်ရာတွင် ဒေသခံပါဝင်မှု အလေးထားခြင်းစနစ်နှင့် ထိခိုက်ကင်းဝေးရေး မူဘောင် (Do no Harm Framework) ကို အခြေပြု၍ ပါဝင်ပတ်သက်သူများ (Stakeholders) အားလုံး၏ ဆုံးဖြတ်ချက်များနှင့်အတူ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုများ ရှိရမည်။ **အခြေခံမူ (Guiding Principles)**

(၁၃) လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် လူမှုသဟဇာတ (Social Cohesion) သဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်။ **အခြေခံမူ (Guiding Principles)**

(၁၄) ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံလူထုအတွက် တရားမျှတမှုနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်း စောင့်ရှောက်မှုများအကြား သဟဇာတဖြစ်စေရန် စနစ်တကျ ဆောင်ရွက်ရမည်။ **မူဝါဒ (Policy)**

**ကဏ္ဍအလိုက်မှ အကြံပြုချက် မှတ်တမ်း**

**(၁) လူမှုရေးကဏ္ဍ**

- လူမှုရေးနှင့် ဆက်နွယ်နေသော ပညာရေးကဏ္ဍ နှင့် ကျန်းမာရေးကဏ္ဍ (ခေါင်းစဉ်သစ်ထည့်ရန်)

(၂) မြေယာနှင့်သဘာဝပတ်ဝန်းကျင်

- တိုင်းရင်းသား၊ ဒေသခံတိုင်းရင်းသား၊ ဌာနေ တိုင်းရင်းသား၊ နိုင်ငံသား၊ စသော စကားလုံးများ အသုံးပြုရာတွင် ကဏ္ဍအသီးသီး အသုံးပြုသော စကားလုံးအချင်းချင်း သဟဇာတ ဖြစ်စေရန်။

(၃) စီးပွားရေးကဏ္ဍ

- တိုင်းရင်းသား၊ ဒေသခံတိုင်းရင်းသား၊ ဌာနေ တိုင်းရင်းသား၊ နိုင်ငံသား၊ စသော စကားလုံးများနှင့် ပတ်သက်သော အဓိပ္ပါယ် ဖွင့်ဆိုချက်များကို အတိအကျ သတ်မှတ်ထားရန်။
- စာတမ်း နံပါတ် ၁ တွင် မွေးရာပါ မြန်မာနိုင်ငံသား ဟူ၍ မြန်မာဆိုသည့် စကားလုံးကို ဖြည့်စွက်ရန်။